# ဝါတွင်းကာလ ပဉ္စမတနင်္ဂနွေနေ့

ရှင်ယောဟန် ၈း၁-၁၁

မခွင့်လွှတ်ဘူးဆိုတာ သူ့ရဲ့အတိတ်ဖြစ်ရပ်ထဲမှ မလွတ်မြောက်သေးဘူး။ မကျွတ်လွတ်သေးဘူးဆိုတဲ့ သဘော သက်ရောက်တယ်။ လာမည့်ဝါကျွတ်ပွဲ ပါစကားပွဲ သေရာမှပြန်ရှင်တဲ့ပွဲကို ကျင်းပတယ်ဆိုတာ အတိတ်ကာလက ပြီးခဲ့တဲ့အဖြစ်အပျက် အပြစ်အမှားများကို ချန်ထားခဲ့ပြီး သေရာမှပြန်ရှင်တဲ့လူသစ်အတိုင်း ဘဝသစ်နဲ့ ရှင်သန်နေကြဖို့ ကျင်းပတာပဲဖြစ်ပါတယ်။ အခုလို ပါစကားပွဲအတွက် ပြင်ဆင်နေချိန်မှာ အထူးသဖြင့် ပြင်ဆင်ရမှာက ခွင့်လွှတ်ဖို့ပါပဲ။ ကျနော်တို့ကို မပျော်နိုင် မရွှင်နိုင်ဖြစ်စေတဲ့ အဟန့်အတားကြီးကတော့ "မခွင့်လွှတ်နိုင်ခြင်း" ပါပဲ။

ယနေ့ဖတ်ရတဲ့ ရှင်ယောဟန်ကျမ်းမှာ ဖေါက်ပြန်နေရာမှ ဖမ်းမိတဲ့အမျိုးသမီးရဲ့အဖြစ်အပျက်မှာ အမျိုးသမီးရဲ့အပြစ် တစ်ခုတည်းကိုပဲ မြင်နေကြတယ်။ အဲလိုဖြစ်ပျက်တဲ့အခါ လူတွေကလည်း အမျိုးသမီးရဲ့အပြစ်ကိုပဲ ပုံကြီးချဲ့ပြီး ဟိုးလေးတကျော်ကျော်ဖြစ်အောင် လုပ်တတ်ကြတယ်။ အမျိုးသမီးရဲ့ လူသိရှင်ကြားဖြစ်တဲ့အပြစ်တစ်ခုက ဒီလောက်မဟုတ်ဘူး။ လူမသိသူမသိ အပြစ်တွေ၊ တိတ်တိတ်ပုန်းအပြစ်တွေ၊ စိတ်ထဲက သူတစ်ပါးကို ဂျောက်တွန်းချင်တဲ့အပြစ်၊ ခဲနဲ့ပေါက်သတ်ချင်တဲ့အပြစ်တွေက ပိုဆိုးပါတယ်။ စွပ်စွဲလာကြတဲ့လူတွေက အဲလိုအပြစ်တွေနဲ့ ကင်းလို့လား။

အခု ပထမ အမျိုးသမီးရဲ့ အပြစ်ကို အရင် စမ်းစစ်ကြည့်ရအောင်။ ကျနော်တို့ကိုယ်စီလည်း အဲဒီအမျိုးသမီးလို အားနည်းလို့လုပ်မိတဲ့ အပြစ်တွေ ရှိကြတာပါပဲ။ အခု အဲဒါတွေက ပြီးခဲ့ပြီလေ။ ချန်ထားလိုက်ပါတော့လား၊ ရှေ့ဆက်ပြီး ဘုရားတရားနဲ့ ဆက်ရှင်သန်နိုင်ဖို့ ခွန်အားရှိကြရမယ်လေ။ ဖြစ်ပျက်ခဲ့တာတွေအတွက် ဆက်ပြီး

ပူဆွေးဝမ်းနည်းနေတာ မပြီးတော့ဘူး၊ ရှေ့ကို မဆက်နိုင်ကြတော့ဘူးဆိုရင် ဒါကို ဘုရား မကြိုက်ဘူးနော်။ အဲ့လို ကိုယ့်ကိုယ်ကို မခွင့်လွှတ်နိုင်ရာကနေ စဉ်းစားမိတာက "ငါ့အပြစ်တွေကို ငါကတောင် မခွင့်လွှတ်နိုင်တာ၊ ဘုရားကလည်း ငါ့အပြစ်ကို ခွင့်လွှတ်နိုင်မှာ မဟုတ်ပါဘူးလေ" လို့ ထင်ပြီး အားယုတ်လာတတ်ပါတယ်။ ကိုယ့်ဘဝမှာ ကံကြမ္မာဆိုး တစ်ခုခုကြုံရင်လည်း ကိုယ့်ဖါသာကို ထင်နေတာက "အော် . . . ဘုရားက ငါလုပ်ခဲ့တဲ့အပြစ်တွေကြောင့် ငါ့ကို ဒဏ်ခတ်တာပဲ" လို့ ထင်တတ်ကြတယ်။ ဒါနဲ့ ကိုယ့်စိတ်အတွင်းထဲမှာ မငြိမ်းချမ်းတော့ဘူး။

အခု ဘုရားရဲ့သဘောထားကို ယနေ့ဖတ်ရတဲ့ ရှင်ယောဟန်ကျမ်းမှာ ယေဇူးဘုရားရှင်က ဖော်ပြနေပြီလေ။ ဘုရားမှာ ဂလဲ့စားချေဖို့ ဒဏ်ခတ်ဖို့ လုံးဝစိတ်ကူးမရှိဘူးဆိုတာ ဖော်ပြနေပြီလေ။ သင် ကောင်းကောင်း/ မကောင်းကောင်း ဘုရားက သင့်ကိုချစ်နေတယ်၊ သနားနေတယ်ဆိုတာ ဒီအမျိုးသမီးကို အပြစ်ဒဏ်မပေးခြင်းအားဖြင့် သိရပါတယ်။ အဲလို မစီရင်တဲ့အပြင် ယေဇူးဘုရားရှင်ရဲ့ အပြုအမူက နူးညံ့တယ် (ဆရာကြီး လေသံနဲ့ မခတ်ထန်ဘူး)၊ သနားတယ်၊ ပြန်ကောင်းစေချင်တဲ့စေတနာစိတ် ရှိတယ်။ ဒါဟာ ဒီလောကကို ဆင်းကြွလာတဲ့ ယေဇူးဘုရားရှင်ရဲ့အလုပ်ပဲ။ ခွင့်လွှတ်ဖို့ပဲ၊ စီရင်ဖို့ ဒဏ်ခတ်ဖို့ မဟုတ်ဘူးဆိုတာ အခု ပေါ်လွင်တယ်။ ဘုရားက ချစ်ခြင်းမေတ္တာဖြစ်တော်မူတယ်၊ ကောင်းမြတ်တယ်ဆိုတာ ဒါကို ပြောတာပါ။

ပြဿနာက ဘုရားက ငါ့ကို ခွင့်လွှတ်နိုင်ပါ့မလားမဟုတ်ဘူး၊ ကိုယ်က ကိုယ့်ကိုယ်ကို ခွင့်လွှတ်နိုင်ပါ့မလား၊ လက်ခံနိုင်ပါ့မလားဆိုတာကပဲ တကယ့်ပြဿနာပါ။ ဘုရားဘက်ကတော့ ရှင်းတယ်၊ ချစ်ခြင်းမေတ္တာ တစ်လမ်းမောင်းပဲ ရှိတယ်။ ဒါကြောင့် ယနေ့ဖတ်ရတဲ့ ပထမကျမ်း ဟေရှာယကျမ်းမှာ "အတိတ်က ဖြစ်ရပ်များကို မတမ်းတကြနှင့်။ ရှေးကာလအရာများကိုလည်း

တွေးတောစဉ်းစားမနေကြနှင့်။ ကြည့်လော့၊ ငါသည် အသစ်တစ်ခုကို ပြုလုပ်လျက်ရှိ၏” တဲ့။ ပြီးခဲ့တာတွေ ပြီးခဲ့ပြီ ဘာသာသူတို့ ။ လျှောင်လှူပ်ခဲ့ပြီးပြီ၊ ဆုံးရှုံးခဲ့ပြီးပြီ၊ တိုက်တွေ ပြိုလဲခဲ့ပြီးပြီ၊ အခု သင့်ဘဝ မပြိုလဲဖို့ပဲ အရေးကြီးတော့တယ်။ ပြီးခဲ့တာတွေအတွက် ဘယ်လောက်အထိ ကြာကြာစိတ်ပျက်နေအုံးမှာလဲ။

ဘဝသစ်နဲ့ ဆက်နိုင်ဖို့ ယေရှုဘုရားရှင်က “ငါသည်လည်း သင့်ကို အပြစ်ဒဏ်မပေး၊ သွားလော့၊ နောက်တစ်ခါ အပြစ်မပြုလေနှင့်” လို့ မိန့်တော်မူပါတယ်။ ဆိုလိုတာက “အပြစ်တင်မနေနဲ့”။ ဒါက ဘာမှ အလုပ်မဖြစ်ဘူး၊ ကိုယ့်ကိုယ်ကို မုန်းစေတာပဲ အဖတ်တင်တယ်။ ဘာမှ အကျိုးမရှိဘူး။ ဆက်လက်ပြီး ပူဆွေးနေရတာမဟုတ်ရဘူး။ အပြစ်မတင်ဘူး၊ အပြစ်အတွက် ဝမ်းနည်းပါ။ ဆိုလိုတာက သတိပြုမိပါ “ငါ့အပြစ်က ငါ့ကိုရော သူတစ်ပါးကိုရော ထိခိုက်လို့ စိတ်မကောင်းဖြစ်စရာပဲ ဆိုတာ သတိပြုမိဖို့ပါပဲ။ ဒီအပြစ်အမှားကို မရပ်ရင်/ဆက်လုပ်နေရင် ပိုဆိုးလာတော့မယ်ဆိုတာ သတိပြုမိဖို့ပဲ အရေးကြီးပါတယ်။ ဒါကြောင့် အပြစ်ရဲ့ကျွန်/ အရက်ရဲ့ကျွန်/ ဒေါသရဲ့ကျွန်အဖြစ်မှ ရုန်းထွက်နိုင်ချင်ရင် အပြစ်ကြောင့် အထိနာနေတာကို သတိပြုမိလေလေ ရုန်းထွက်ဖို့ ခွန်အားတွေများလာလေလေပါပဲ။ ဒါကြောင့် သတိပြုမိပါ။ အပြစ်ကြောင့် ဝမ်းနည်းတာက ကိုယ့်ကိုယ်ကို ချစ်လို့/ သူတစ်ပါးကို ချစ်လို့ပါပဲ၊ ဘယ်သူ့ကိုမျှ မထိခိုက်စေချင်တော့ဘူးလေ။

အဲ့လိုမဟုတ်ပဲ အပြစ်တင်နေတာ၊ စီရင်တာ၊ မုန်းစရာဖြစ်တာတွေက အပြစ်ကို ပိုဖြစ်စေတယ်၊ အမုန်းတရားပဲ ပွါးလာစေတယ်။ အပြစ်တင်ကြ၊ ဝေဖန်ကြ၊ နာမည်ဖျက်ကြ၊ အရှက်ခွဲကြ၊ ချေဖျက်ကြတာ ဘာများ ကောင်းတာကျန်တော့လဲ။ ဒါကြောင့် ယေရှုဘုရားရှင်က အပြစ်လုပ်တဲ့လူကို အရှက်ခွဲရအောင် လာတာမဟုတ်ဘူး၊

(စိတ်ဒဏ်ရာတွေ) ကုစားပေးဖို့၊ ခွင့်လွှတ်ပေးဖို့ လာတာပါ။ အပြစ်ရှိတဲ့သူကို ခဲနဲ့ပေါက် ချေဖျက်တာထက် ပြုပြင်ပေးတာက ပိုပြီး အကျိုးရှိတာပေါ့။ အပြစ်ရှိတဲ့သူကို စီရင်တာထက် ခွင့်လွှတ်ပြီး ကယ်တင်တာက ပိုအကျိုးရှိတာပေါ့။ ဒါကြောင့် ပရောဖက် ယေဇကျေလကျမ်း ၁၈း၂၃ မှာ "ဘုရားသခင်သည် အပြစ်ရှိသူ၏သေခြင်းကို မလိုလားပေ။ အပြစ်ရှိသူသည် မိမိအပြစ်ကို ရှောင်၍ ပြည့်ဝစွာ အသက်ရှင်ရန်သာ ငါလိုလား၏" တဲ့။

အဲလိုဖြစ်ဖို့ နလန်ထနိုင်ဖို့ဆိုရင် အချစ်ကသာ တတ်နိုင်ပါတယ်။ အချစ်ကသာ ကုစားနိုင်ပါတယ်။ အဲလို ဘုရားရဲ့အချစ်ကို ခံစားမိတဲ့ ရှင်ပေါလူးက ဘုရားရဲ့အချစ်ကို အမိအရဆုပ်ကိုင်ထားတော့တယ်။ ခရစ်တော်နဲ့အတူ အသက်ရှင်ရဖို့ပဲ စိတ်အားထက်သန်နေတော့တယ်။ ဒါကြောင့် ရဟန္တာတွေက သူတို့ရဲ့အသိစိတ်ထဲမှာ ထာဝရကောင်းကင်ဘုံဆိုတဲ့ပန်းတိုင်ကို ရောက်ဖို့က မနက်ဖြန်လိုလို၊ သဘက်ခါရောက်တော့မှာလိုလို ခံစားမိပြီး ဒီလောကအရာ ဥစ္စာစည်းစိမ်တွေကို "အမှိုက်သရိုက်" လို ခံယူထားကြတော့တယ်။ ဒါကြောင့် ရှင်ပေါလူးက ယနေ့ ဒုတိယကျမ်း ဖိလိပိ ၃း၉ မှာ "ငါသည် ခရစ်တော်ကို ရယူပိုင်ဆိုင်နိုင်ရန် ထိုအရာအားလုံးကို အမှိုက်သရိုက်ကဲ့သို့ပင် သဘောထား၏။" တဲ့။

အရေးကြီးဆုံးက ကျနော်တို့ ယနေ့ကအစပြုတဲ့ ရှေ့အနာဂတ်အတွက် ရှင်သန်နေဖို့ပါပဲ။ စိတ်မပျက်နဲ့ ဆက်ကျိုးစားပါ။ တရားတော်အတိုင်း ရှင်သန်နေမယ်ဆိုတာက လောဘနဲ့ တစ်ကိုယ်ကောင်းဆန်ဆန် ကျိုးစားနေတာ မဟုတ်ဘဲ ကိုယ့်အတွက် သူတစ်ပါးအတွက် ကျိုးစားရမှာကို ဆိုလိုတာပါ။ သူဌေးဖြစ်အောင်ကို ကျိုးစားပါ၊ ကိုယ့်အတွက် မဟုတ်ဘူး၊ ဒုက္ခရောက်တဲ့လူတွေကို ကူညီနိုင်ဖို့ပါ။ အခု ငလျင်ဘေးသင့်သူတွေကို ကူညီနေကြတဲ့

ပရဟိတသမားတွေ အလှူရှင်တွေလိုပေါ့။ တို့ ခရစ်ယာန်ဘဝက ဒါပဲလေ။ ဒီဘဝမှာ သူတစ်ပါးအတွက်/ ကိုယ့်အတွက် ခရစ်တော်ရဲ့တရားတော်အတိုင်း အသက်ရှင်ပြီးရင် သေရာမှပြန်ရှင်တဲ့အခါ ခရစ်တော်နဲ့အတူ ထာဝရ ကောင်းကင်ဘုံမှာ အသက်ရှင်နေထိုင်ဖို့ပါပဲ။ ကောင်းကင်ဘုံက ကျနော်တို့ရဲ့ နောက်ဆုံးပန်းတိုင် မဟုတ်ဘူးလား။ ယနေ့ ရှင်ပေါလူး ဆုံးမစာထဲကလို "ခရစ်တော်၌ ကောင်းကင်ဘုံသို့ ဘုရားသခင်ခေါ်တော်မူခြင်းဆုလာဘ်ရမည့် နောက်ဆုံးပန်းတိုင်အတွက် ကြိုးစားအားထုတ်လျက်ရှိပါ၏။"

ရှင်ပေါလူးလို ဘုရားရဲ့အချစ်၊ ဘုရားရဲ့သနားဂရုဏာကို မခံစားမိတဲ့သူတွေ (အခု အမျိုးသမီးကို စွပ်စွဲလာသူတွေ)ရဲ့အပြစ်တွေက အမျိုးသမီးထက်တောင် အပြစ် ပိုပြီးကြီးမားလှပါတယ်။ စဉ်းစားကြည့်လေ၊ သူတို့က သူများအပြစ်ကို အပြစ်တင် ရှုတ်ချဖို့၊ အရှက်ခွဲဖို့၊ နာမည်ဖျက်ဖို့၊ ခဲနဲ့ ပေါက်သတ်ဖို့ တဲ့။ နောက်ပြီး အခုလို ယေဇူးဘုရားရှင်ကို လာမေးကြတာကလည်း ယေဇူးဘုရားရှင်ကို ဂျောက်တွန်းဖို့၊ သေကြောင်းကြံဖို့လေ။ ကဲ ဒီ့ထက်ကြီးတဲ့အပြစ် ရှိအုံးမလား။ အမျိုးသမီးကိုလည်း လူတစ်ယောက်ရယ်လို့ မသတ်မှတ်ကြတော့ဘူး။ ကိုယ်ချင်းမစာကြတော့ဘူး။ အမျိုးသမီးကို ငါးစာအဖြစ်အသုံးချပြီး ယေဇူးဘုရားရှင်ကို ဖမ်းချင်နေတာပါ။

ကိုယ့်ကိုယ်ကို မှန်တယ်ဆိုပြီး အထင်ကြီးနေတဲ့သူတွေက ဒေါသကြီးတတ်တယ်၊ ခါးသီးတတ်ကြတယ်။ ဒီလိုနဲ့ ကိုယ့်ကိုယ်ကို ပူလောင်ခံနေတတ်ကြတယ်။ ကိုယ့်ကိုယ်ကို မချစ်ဘူး၊ သူတစ်ပါးကို လုပ်ကြံရရင် ပြီးရောပဲ။ အဲလိုလူတွေအတွက် ဘုရားရဲ့တန်ခိုးကတောင် သူတို့ကို ကုစားပေးဖို့ မဖြစ်နိုင်ပါဘူး။

ဘာသာသူတို့ ယနေ့ကျမ်းစာတွေထဲကလို အတိတ်က ဖြစ်ရပ်တွေ၊

အပြစ်အမှားတွေကို ချန်ခဲ့တော့၊ ရှေ့ဆက်ပြီး သေရာမှပြန်ရှင်တဲ့ဘဝသစ်လို ဘုရားနဲ့အတူ ရှင်သန်ကြပါစို့။ နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။